**သမ္မာကျမ်းဆိုင်ရာအတွေးအမြင်**

**"ကောင်းသောအမှု"**



This photo portrays part of a stained-glass window in Chartres Cathedral, in Chartres, France. It was taken by Jill Geoffrion.

ယေရှုကလည်း "ထိုမိန်းမကိုရှိစေလော့။ အဘယ်ကြောင့်နှောက်ယှက်ကြသနည်း။ သူသည်ငါ၌ ကောင်းသောအမှုကိုပြုပြီ" ဟုမိန့်တော်မူ၏။ (ရှင်မာကုခရစ်ဝင်ကျမ်း ၁၄း၆)
ရှိမုန်အမည်ရှိသောလူ၏အိမ်၌ အမျိုးသမီးတစ်ဦးသည် သခင်ယေရှုထံ၌မိမိကိုယ်ကိုနှိမ့်ချလျက် ကောင်းသောအမှုပြုခဲ့ခြင်းအကြောင်းကို ကျမ်းစာထဲတွင်ဖော်ပြထားသည်။ ရှင်မဿဲခရစ်ဝင်ကျမ်းနှင့် ရှင်မာကုခရစ်ဝင်ကျမ်းစာ၌ ယေရှု၏ဦးခေါင်းကိုအဖိုးတန်ဆီမွှေးနှင့်သွန်းလောင်းခြင်းကိုဖော်ပြထားပြီး၊ ရှင်လုကာခရစ်ဝင်ကျမ်း၌ ယေရှု၏ခြေတော်ကိုမျက်ရည်ကျလျက်ဆီမွှေးနှင့်သုတ်လိမ်းခြင်းအကြောင်းကို ဖော်ပြထားသည်။ ဖော်ပြသည့်အကြောင်းအရာကွဲပြားသော်လည်း ဧဝံဂေလိကျမ်းရေးသားသူအားလုံးက ထိုအမျိုးသမီး၏လုပ်ဆောင်ခြင်းသည် ထူးခြားသော်လည်း ကောင်းသောအမှုအဖြစ်ယေရှုသတ်မှတ်ခဲ့ ကြောင်းကိုဖော်ပြထားကြသည်။
ထိုအမျိုးသမီးသည် အဖိုးတန်ဆီမွှေးကိုဤသို့ဖြုန်းတီးမည့်အစား၊ ရောင်းချပြီးအဖိုးအခကိုဆင်းရဲသားတို့ ထံပေးလှူပါက ပို၍အကျိုးရှိမည်ဖြစ်ကြောင်းအပြစ်တင်ကြခြင်းကို ရှင်မဿဲနှင့်ရှင်မာကု ခရစ်ဝင်ကျမ်း တို့၌ ဖော်ပြထားသည်။ ထိုအမျိုးသမီးဤသို့ပြုလုပ်ရခြင်းမှာ ယေရှု၏အလောင်းကိုသင်္ဂြိုဟ်မည်ဟု ပြင်ဆင်ခြင်းငှါ လုပ်ခြင်းဖြစ်ကြောင်း ပြစ်တင်ဝေဖန်သူများကို ယေရှုကပြန်လည်သွန်သင်ခဲ့ပါသည်။ မရှိဆင်းရဲသားများကို ဂရုပြုခြင်းသည် မွန်မြတ်သင့်လျော်သောအလုပ်ဖြစ်သည်။ သို့သော်ဤအခြေ အနေ၌ ဤအမျိုးသမီး၏လုပ်ဆောင်ခြင်းမှာ "ကောင်းသောအမှု" ဖြစ်သည်ဟူ၍ ယေရှုကပြန်လည် သွန်သင်ခဲ့ပါသည်။ (မဿဲ ၂၆း၁၀, မာကု ၁၄း၆)

ရှင်လုကာခရစ်ဝင်ကျမ်းစာ၌ ဝေဖန်ပြစ်တင်ကြခြင်းမှာ အပြစ်ရှိသောမိန်းမ၏ထိတွေ့ခြင်းကိုယေရှု လက်ခံခဲ့ခြင်းကြောင့်ဖြစ်သည်။ ထိုအမျိုးသမီး၏အပြစ်မှာ ပြည့်တန်ဆာဖြစ်ခြင်းလော့၊ ဖောက်ပြန်ခြင်း လော့၊ မည်သို့သောအပြစ်မျိုးဖြစ်သည်ကို ကျမ်းစာ၌ရှင်းလင်းစွာမဖော်ပြထားပေ။ အိမ်ရှင်ရှိမုန်၏စိတ်ထဲ တွင်တော့ အပြစ်ရှိသည်ဟုထင်မှတ်ခြင်းကြောင့် ထိုအမျိုးသမီးကိုပစ်ပယ်ထားရမည်၊ မပတ်သက်ရ ဟူ၍ပင်ဖြစ်သည်။ ဤသို့သောအခြေအနေမျိုး၌ တစ်မူထူးခြားစွာတုံ့ပြန်ရမည်ကို ယေရှုကသိမြင်ထား သည်။ ပညတ်ဥပဒေအတိုင်း အပြစ်ရှိသူကိုပစ်ပယ်ခြင်းမျိုးမဟုတ်ဘဲ ထိုအမျိုးသမီး၏နောင်တစိတ်နှလုံး ကိုသိမြင်၍ ချစ်ခြင်းမေတ္တာဖြင့်တုံ့ပြန်ခဲ့ခြင်းကို ယေရှုပြသခဲ့သည်။

ယေရှု၏ကြင်နာခြင်း၊ လက်ခံခြင်း၊ သနားခြင်းအားဖြင့် ထိုအမျိုးသမီးသည် ကျေးဇူးတော်ကိုသိရှိလက်ခံခဲ့ ရပြီး မျှော်လင့်ခြင်းတည်ဆောက်နိုင်ကာ လမ်းမှန်ပေါ်သို့တဖန်ပြန်၍ရပ်တည်လာနိုင်ခဲ့သည်။

နှလုံးသားထဲတွင်လည်း ချစ်ခြင်းမေတ္တာ၊ ကျေးဇူးတရားများပြည့်နှက်နေသောကြောင့် မျက်ရည်များက ယေရှု၏ခြေတော်သို့ကျဆင်းလျက်ရှိသည်။ "ထို့ကြောင့်ငါဆိုသည်ကား သူသည်များစွာသောအပြစ်တို့နှင့် လွတ်သည်ဖြစ်၍ အလွန်ချစ်တတ်၏"(လုကာ ၇း၄၇) ဟူ၍ ယေရှုက ရှိမုန်အား ရှင်းပြခဲ့လေသည်။

ကျမ်းစာ၌ဖော်ပြသောဤအမျိုးသမီး၏ အဖြစ်အပျက်သည်ကျွန်ုပ်တို့ကို သွန်သင်နေလျက်ရှိသည်။ တစ်ခါတစ်ရံတွင် ထုံးတမ်းဓလေ့၊ နည်းဥပဒေ၊ ပုံသေနည်း၊ ခေါက်ရိုးကျိုးနေသည့်အတွေးအမြင်များ ကြောင့် ယေရှုလုပ်ဆောင်သကဲ့သို့ ကျွန်ုပ်တို့မလုပ်ဆောင်နိုင်ဘဲရှိနေတတ်သည်။ ယေရှုကဲ့သို့ မှန်ကန် လျောက်ပတ်သောအရာ၊ စစ်မှန်သောအရာကိုကျွန်ုပ်တို့ မဖော်ပြနိုင်ဘဲရှိနေတတ်သည်။

တစ်ချို့သောအခြေအနေတို့၌ ကျွန်ုပ်တို့၏စိတ်နှလုံးဖော်ပြသည့်အတိုင်းလိုက်လျှောက်မှသာ အကောင်းဆုံးလမ်းသို့ရောက်မည်ဖြစ်သည်။ ၁၇ရာစု ခရစ်ယာန်တွေးခေါ်ပညာရှင် ဘလေ့စ်ပါစကယ်လ် (Blaise Pascal) ပြောသကဲ့သို့ "နှလုံးသား၏စေစားခြင်းကို ဆင်ခြင်တုံတရားက သိရှိနားလည်မည် မဟုတ်ပေ" ဟူ၍ဖြစ်သည်။

ဤသို့ခက်ခဲမှောင်မိုက်သည့်ကာလတွင် ကျွန်ုပ်ကိုယ်တိုင်သည်ပင် စိတ်ရှုတ်ထွေးလျက်စိတ်ပျက်နေမိပါ သည်။ အဖက်ဖက်မှပျက်စီးယိုယွင်းနေ၍ အရာရာပြိုကျနေလျက်ရှိရာ ကျွန်ုပ်တို့မည်မျှပင်လုပ်ဆောင် နေပါစေ ကောင်းလာမည်လော့။ နောက်တစ်ဖန်ပြိုပျက်မည့်အရာအတွက် ယနေ့တည်ဆောက်နေရအုံး မည်လော့။ စိတ်ပျက်ဖွယ်ကောင်းလောက်သည့်အတားအဆီးများ၊ အဆုံးမရှိလိုအပ်နေမှုများအတွက် ကျွန်ုပ်တွင်ရှိနေသည့် အနည်းငယ်သောအရင်းအမြစ်လေးများက မည်သည့်အပြောင်းအလဲမျိုးကို လုပ်ပေးနိုင်မည်နည်း ဟူ၍ စိတ်ပျက်နေမိပါသည်။

ဤမေးခွန်းများကို ဦးနှောက်အရကျွန်ုပ်မဖြေဆိုတတ်ပေ။ သို့သော် နှလုံးသားအားဖြင့်ဤသို့ဖြေ နိုင်ပါသည်။ နှလုံးသားကိုဖွင့်၍နားထောင်သည့်အခါ ကျွန်ုပ်ဘာလုပ်နေသည်၊ ဘာကြောင့်လုပ်နေသည် ကိုကျွန်ုပ်သိရှိနေပါသည်။ ဘုရားသခင်၏မေတ္တာနှင့်ကြင်နာသနားခြင်းတို့အပေါ်၌မှီတည်ထားသည့်အခါ ကျွန်ုပ်မည်သည့်နေရာတွင်ရှိရမည်၊ ဘာကိုလုပ်ရမည်ကို ကျွန်ုပ်အမြဲလိုလိုသိရှိနေပါသည်။

အခြားသူတို့အမြင်၌အဓိပ္ပာယ်မရှိသောအလုပ်မျိုးဖြစ်သော်လည်း ယေရှုအတွက် "ကောင်းသောအမှု" ကိုထိုအမျိုးသမီးက လုပ်ဆောင်ခဲ့ပါသည်။ အခြားသူတို့အတွက်အဓိပ္ပာယ်မရှိသော်လည်း ထိုအမျိုးသမီး အတွက်အဓိပ္ပာယ်ပြည့်ဝနေသည်သာမက၊ သူ၏စိတ်ထားနှင့်လုပ်ဆောင်မှုက သမိုင်းတွင်ခဲ့ပါသည်။ ထိုမျှပင်မက "ဧဝံဂေလိတရားကို မြေတစ်ပြင်လုံးတွင်ဟောသောအရပ်ရပ်တို့၌ ဤမိန်းမကိုအောက်မေ့ စရာဖို့ သူပြုသောဤအမှုကိုကြားပြောရကြလတ္တံ့" ဟုယေရှုကမိန့်တော်မူခဲ့သည်အတိုင်း ယနေ့အထိ ထိုမိန်းမကို သတိရလျက်ရှိနေပါသည်။ (မဿဲ ၂၆း၁၃)

မည်သည့် "ကောင်းသောအမှု"မျိုးကိုလုပ်ဆောင်ရန်သင်တွေးတောထားပါသနည်း။ ယခုကြုံတွေ့နေရ သောပြသနာများကျော်လွန်သွား၍ ငြိမ်းချမ်းခြင်းကိုပြန်လည်တည်ဆောက်နိုင်သည့်အခါ၌ သင်၏ အကြောင်း၊ သင်လုပ်ဆောင်ခဲ့သောမည်သည့်အကြောင်းမျိုးကို လူများပြောဆိုနေကြမည်နည်း။

ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်

ဦးထင်ကျော် @ Dr. Tim

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။